
အတွဲ ၄၊ အမှတ် ၄၀။

# ရွှေသွေး ဂျာနယ်


၁၃၃၄ ခု၊ တန်ဆောင်မုန်းလဆုတ် ၅-ရက်
(၂၅-၁၁-၇၂)





စနေနေ့တိုင်းထုတ်ဝေသည်။

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-နုတွေး





ဘုရင်ကြီးသည် နန်းတော်သို့ ပြန်ရောက်လျှင် မိမိကတိကို မမေ့မလျော့ပဲ ထို နွားကျောင်းသားအား နယ်စားခန့်စာ ပို့လေသည်။
ရွာသူရွာသားများက ချစ်ခင် အားထားနေသော နွားကျောင်းသားသည် နယ်စားကြီးဖြစ်လာသဖြင့်–
နွားများကို ရွာများတွင် ခွဲအပ်ထားပြီး နယ်စား ဝတ်တရား များကို ထမ်းဆောင် နိုင်ရန် ဘုရင့်ထံမှ ရထားသော လှည်းယာဉ်ဖြင့် နယ်လှည့် ထွက်ရ၏။
လှည်းယာဉ်ပေါ်၌ ဓေတ္တာကြီး တလုံးတင်၍ အမြဲတမ်း ဂရုပြုနေသည်ကိုလည်း တွေ့ရ၏။
သူ့ကို ချစ်ခင်သောသူများ ရှိသလို- မလိုမုန်းတီးသူအချို့လည်း ရှိလေသည်။
မလိုလားသူများက မမှန်သတင်းများ လုပ်ကြ၍ တီးတိုးသတင်းဖြန့်ကြလေသည်။


အလို - ကျွတ်ကျွတ် - တယ်ခက်ပါကလား။ ရှိသားတဲ့ လူတယောက်ပါ - အကေါ်နဲ့ ငွေ ရှိယင် - စာရိတ္တ ပျက်ပြီး - မင်းအဏ္ဏာ ကိုတောင် အလွဲ သုံးစားလုပ် ကြသကိုး
ထိုသတင်းသည် များမကြာမီ ဘုရင့် ရွှေနား တော်သို့ ပေါက်ကြားသွားလေသော်—
အို- နယ်စားကြီး — အဏ္ဏာတော် အတွက် အခွန် အကောက် များ ပြည့်စုံအောင် ရပါ၏လော
မှန်လှပါ - ဘုန်းတော်ကြောင့် - စုံစုံစေ့စေ့ - ရရှိပါ၍ - ဘဏ္ဍာတိုက် ဝန်ထံ - အပ်ပြီးကြောင်းပါဘုရား
ဘုရင်ကြီးသည် ကိုယ်တိုင်ကြွလာပြီး —
အိမ်း - ကောင်းပေစွ... သို့သော် - သင်၏လှည်း ယဉ်ထက်၌ ရှိသော - သေတ္တာ သည်ကား ထူးခြားလှ၏။ သို့ဖြစ်၍ ငါကိုယ်တော် စစ်ဆေးတော်မူဝံ့ယူ - လူထု မရှိသော များ ပါဖွင့်နိုင် အောင် - ဖွင့် ပြလော့
အမိန့် - တော်မြတ် အတိုင်းပါ ဘုရား
ဒီတခါတော့ ပြီ ... ပဲ
အဲ့တွေများ ပါလိမ့်
လိုသူရော- မလိုလားသူ များပါ ထိုသေတ္တာ အကြောင်းသိလိုကြ၍ ဝိုင်းကြည့်ကြစဉ်—
ဟာ
ဟောဗျ
ဟင်
ရှင်တော်မြတ်ဘုရား - ကျွန်တော်မျိုး - မူလ အဝ ကို မမေ့ပျောက် စေရန် - ယခင်ဆင်းရဲ ကျောင်းသား အဖြစ်နဲ့ ဝတ်ခဲ့သော - သုံးခဲ့သော ပစ္စည်း များဖြစ် ကြောင်းပါဘုရား
အိမ်း - ကောင်းပေစွ ..... သာဓု - သာဓု -
ကဲ - အောင်မင်း တို့က - မရိုးသား ဘူး ဟု စွပ်စွဲသော နယ်စားကြီးဟာ - ကိုယ့် ကို ကိုယ်မြှင့်ချ တတ်သူ ဖြစ်ပြီ (အဝကို - မမေ့ သောသူ) တိုင်းပြည်နှင့် လူမျိုး အကျိုးကို သစ္စာရှိရှိ ထမ်းဆောင် သူ ဖြစ်၍ - နယ်စားကြီး အား အတက်ထမ်း ပြုတိုး၍ အကေါ်များ အပ်နှင်း ပြီး - ပထမ ဝန်ကြီး နယ်စားကြီး အဖြစ်ခန့် အပ်တော်မူသည်။ .... မဟုတ် - မတရား- လာ လျှောက်သူ နှစ်ဦး အား တောင် ဒဏ်ငွေ အကျခံသား ....
ပြီး




မြန်မြန်လာပါဦးလေး -- ဟိုမှာ မိုးပုံ့နဲ့ လူဆိုး ဂုတ်နာ ဆွဲတိုက်နေကြတယ်
ဟ -
ဖွန်ဖလေးပါလား၊ မင်းကိုဒီတွေ့ချင်နေတာနဲ့ အတော်ဘဲ - လာ - လာ - အိမ်ထဲကိုလိုက်ခဲ့ -




ဦးလှိုဆိုယင် - ကျွန်မတို့မြင်းလိုပါ
ဒေါ်ခွဲ့ဂုမလား ဦးလေး။
ဟေး-ဟေး-ခေါ်ခဲ့ပါကွာ၊ မြင်းလို မင်းတို့နဲ့ အတူတူ
လူစွမ်းကောင်းလုပ်တဲ့အထဲမှာ ပါတာကို
မဟုတ်ဘူးလား။

# စူးစမ်းရှာဖွေသူများ

မုံရွာဝင်းဖေ ကျော်ကျော်



## ရော်ဂျာပိုကော့


ကနေဒါ အနောက်ပိုင်းရှိ ဖို့မက်လီယော့မြို့မှ မက္ကဆီကိုအထိ မိုင်သုံးထောင်ခရီးကို မြင်းဖြင့် စီးနင်းသွားရခြင်းသည် မည်သူ့အတွက်ပင်ဖြစ်စေ အလွန်ကြီးမားသော စွန့်စားမှုသာ ဖြစ်ပေလိမ့်မည်။ သို့သော် ရော်ဂျာပိုကော့အမည်ရှိ လူငယ်တယောက်မှာကား ထိုသို့သော စွန့်စားမှုကြီးကို ထမင်းစားရေသောက်ပမာ ပေါ့ပေါ့တန်တန် သဘောထားကာ ပြုလုပ် ခဲ့ပေသည်။

ရော်ဂျာပိုကော့သည် ရဲ၊ တရားဟောဆရာ၊ သတင်းထောက် စသည်ဖြင့် အလုပ်အစုံ လုပ်ကိုင်ဘူး၏။ သူသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဘဝစုံခဲ့သူဖြစ်ပေသည်။ ထိုအလုပ်များမှ အနားယူလိုက်သောအခါ စွန့်စားသွားလာမှုတခုခုကို ပြုလုပ်ပြီး စံချိန်တင်ရန် ကြံစည်စိတ်ကူးလျက်ရှိ၏။ သို့သော် အခြားသော စွန့်စားမှုများကို ပြုလုပ်မည်ဆိုလျှင် ငွေကြေးရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် ငွေကြေးမကုန်ကျပဲ ကိစ္စပြီးနိုင်သော မြင်းစီး၍ စွန့်စားသွားလာခြင်းအလုပ်ကို ရွေးချယ်လိုက်လေသည်။

၁၀၉၉ ခု ဇွန်လ ၂၈ ရက်နေ့နံနက်တွင် ရော်ဂျာပိုကော့သည် ဖို့မက်လီယော့မှ စတင်ထွက်ခွာလာခဲ့၏။ တောင်အရပ်ဆီသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ရာ တမ်းခရီးတွင် တွေ့ရှိသူများအနက် အချို့က သူ့ကို ပြောင်လှောင် သရော်ကြပြီး အချို့ကမူ အားပေးချီးကျူးကာ အကြံဉာဏ်လည်း ပေးကြ၏။



သူသည် ရော့ကီးတောင်တန်း၏ အရိပ်ကို ခိုကာ မြင်းဖြင့် ခရီးနှင်လာရာ ဇူလိုင် လဆန်း တွင်



ကနေဒါနှင့် အမေရိကန်နယ်စပ်ကို ကျော်ဖြတ်မိလေပြီ။ ဇူလိုင်လ ၄ ရက်နေ့တွင် မွန်တားနားပြည်နယ်အတွင်း ဖြတ်သွားနေစဉ် ပွဲတော်ကျင်းပနေသော အင်ဒီးယန်းလူမျိုးများကို တွေ့ရ၏။ ထိုနေ့ကား လွတ်လပ်ရေးနေ့ဖြစ်လေသည်။ ရော်ဂျာပိုကော့သည် ထိုနေရာတွင် တညအချိန်ဖြုန်းနေပြီး နောက်တနေ့တွင် ဆက်လက်ထွက်ခွာလာခဲ့၏။

လမ်းခရီးတွင် သားရဲတိရစ္ဆာန်များနှင့်လည်း မကြာခဏ ရင်ဆိုင်တွေ့ရသည်။ သားရဲတိရစ္ဆာန်များက သူ့ကိုအန္တရာယ်ပြုသောအခါတခါတရံတွင် ယှဉ်ပြိုင်တိုက်ခိုက်ရပြီး တခါတရံတွင်မူ လွတ်အောင် ရှောင်တိမ်း ပြေးခဲ့ရလေသည်။

တခါတရံ အလွန် ပူပြင်းခြောက်သွေ့သော သဲကန္တာရအတွင်း သွားလာရပြီး တခါတရံတွင်ကား မြစ်ချောင်းအင်းအိုင်များကို ကူးဖြတ်ကာ နှစ်ရက်သုံးရက် ရေစိုခံ၍ သွားလာရပေသည်။ ''သေမင်းတောင်ကြား'' ဟု တင်စား ခေါ်ဝေါ်ကြသော ဂရင်းကင်ညွန် ချောက်ကမ်းပါးကြီးသို့ ရောက်သောအခါတွင်ကား သူသည် အသက်ဆံဖျား စွန့်စားခဲ့ရပြန်၏။

ထို့နောက် များမကြာမီ ယူးတားပြည်နယ်သို့ ရောက်လာခဲ့ပေသည်။ ထိုဒေသကား သူခိုး၊ ဓားပြ၊ ဝရမ်းပြေးနှင့် သောင်းကျန်းသူများ ကြီးစိုးသော ဒေသဖြစ်၏။ ခြောက်လုံးပြူးကို ခါးတွင်ချိတ်ကာ လှည့်ပတ် သွားလာနေကြသော ကောင်းဘွိုင်များကိုလည်း ရော်ဂျာပိုကော့ တွေ့မြင်ရပေသည်။


ရော်ဂျာပိုကော့သည် ထိုသူများနှင့် မိတ်ဆွေဖွဲ့ကာ သူတို့နှင့်အတူ ခေတ္တ တည်းခိုနေထိုင်ခဲ့လေသည်။ ထို့နောက် သူ၏ခရီးဆုံးသို့ ဆက်လက် ထွက်ခွာလာခဲ့ပြန်၏။

အန္တရာယ်အသွယ်သွယ်ကို ကျော်လွှားခဲ့ပြီးနောက် ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် မက္ကဆီကိုသို့ ရောက်ရှိလေသည်။ သူသည် မိုင်ပေါင်း ၃၆၀၀ ခရီးကို ရက်ပေါင်း ၂၀၀ မျှဖြင့် သွားရောက် နိုင်ခဲ့ခြင်းဖြစ်၏။ ပျမ်းမျှ တရက် လျှင် ၁၈ မိုင်နှုန်း ဖြစ်၏။ ထိုခရီးအတွက်မြင်းသုံးကောင်အပြင် လမ်းတွင် ဝယ်ယူရရှိသည့် ကျွဲ နွား စသည့် အခြား တိရစ္ဆာန် ကိုးကောင် ကိုလည်း အသုံးပြု စီးနင်း ခဲ့ရသည်ဟု ရော်ဂျာ ပိုကော့က မှတ်တမ်းတင် ခဲ့ပေသည်။




# တာဆွေး တာသားတာညှိုး

ကာတ်လမ်း မြေရှိုင်း ပန်းချီ တင်ဝင်း















အားလုံးသော ငှက်အပေါင်းတို့သည် မြီးစည်းရိုးပေါ်မှ အရောင်မျိုးစုံနှင့် လှပသော ဒေါင်းကြီး ကို ငေးကြည့်နေကြသည်။














ငန်းဖြူကြီးက တည်ငြိမ်စွာ ပြောနေသည်။




ထို့နောက်တွင်ကား အားလုံးသော ငှက်အပေါင်းတို့သည် ညီညွတ်ချစ်ခင်ပျော်ရွှင်စွာ အတူတကွ နေထိုင်ကြလေသတည်း။





# ကရူဂါ အမျိုးသားဥယျာဉ်

တောရိုင်း တိရစ္ဆာန်များအား လွတ်ငြိမ်းခွင့် ပြုထားသော ဤဥယျာဉ်ကြီးသည် စတုရန်းမိုင် ၈၀၀၀ ကျယ်ဝန်းသဖြင့် ကမ္ဘာ့အကြီးဆုံးဥယျာဉ်ဟု ခေါ်နိုင်ပေသည်။ ကရူဂါ အမျိုးသားဥယျာဉ်သည် တောင်အာဖရိက သမတ နိုင်ငံ၏ မြို့တော် ပရီတိုးရီးယား အရှေ့မြောက်ဖက် မိုင် ၂၃၀ အကွာတွင်ရှိသည်။ ၁၉၈၉ ခုတွင် တောင်အာဖရိက၏ သမတ ဖြစ်လာသူ ပေါလ်ကရူဂါက ဆားဗီကြိုးဝိုင်းဟု စတင် ခေါ်ဝေါ် ဖွင့်လှစ်ခဲ့သော်လည်း ၁၉၂၆ ခုနှစ်သို့ ရောက်သော် ကရူဂါကို ဂုဏ်ပြုသောအားဖြင့် ကရူဂါ အမျိုးသားဥယျာဉ်ဟု အမည်ပြောင်းခဲ့သည်။

မော်တော်ကား လမ်း မိုင် ၁၂၀၀ ရှိသော ဤဥယျာဉ်ကြီးထဲသို့ မော်တော်ကားများ မောင်းဝင်ပြီး လွတ်လပ်စွာသွားလာနေကြသော တောရိုင်းတိရစ္ဆာန်များ၏ သဘာဝကို လေ့လာ အကဲခပ်နိုင်ပေသည်။ ဤဥယျာဉ်၌ ဆင်၊ ခြင်္သေ့၊ ကျားသစ်၊ သစ်ကုလားအုပ်၊ ကျွဲ၊ မြင်းကျား၊ မျောက်မောင်းမ၊ ရေမြင်း၊ မိကျောင်း စသော တောင်အာဖရိကတိုက် တိရစ္ဆာန်များနှင့် အပူပိုင်းဒေသ ငှက်အမျိုးမျိုးကို တွေ့ရှိနိုင်သည်။ ခြင်္သေ့များသည် မော်တော်ကားလမ်းပေါ်တွင် အေးဆေးလွတ်လပ်စွာ သွားလာနေသည်ကို တွေ့ရတတ်သည်။

ဥယျာဉ်ကို နှစ်စဉ် ဇွန်လလယ်မှ အောက်တိုဘာ လလယ်ထိ ဖွင့်လှစ်ပေးထားသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



စိမ်း၊ ပြာ၊ နက်၊ ဝါ ဆေးရောင်ခြယ်ပါ။

# ကျွန်တော် စုံထောက်

မောင်ဒေဝတင်းဦး
(ရုပ်ဝတ္ထုဘဏ်)



"အငယ် – ဘာဖြစ်လို့ မှိုင်နေတာလဲကွ။ လာကွာ တေးဆိုသွားရအောင်"

"မလိုက်ချင်ဘူးကွာ။ ငါ သိပ်စိတ်ညစ်နေတယ်"

"ဘာများ စိတ်ညစ်စရာ ရှိလို့လဲကွာ။ ငါ့ကိုလဲ ပြောစမ်းပါအုံး၊ ကူညီနိုင်စရာရှိယင် ကူညီရတာပေါ့"

"မနေ့က အတန်း ထဲမှာ ဖောင်တိန်ပျောက်တဲ့ ကိစ္စပေါ့ကွာ။ ဆရာမက ငါယူတယ်လို့ စွပ်စွဲနေတယ်"

"စွပ်စွဲရအောင် ဘာ အထောက်အထားရှိလို့လဲကွာ"

"ဖောင်တိန်ပျောက်တဲ့ နေ့က အတန်းထဲမှာ ငါရယ်၊ ခင်မြဝင်းရယ် နှစ်ယောက်ထဲ ရှိတယ်ကွ။ ခဏကြာတော့ ခင်မြဝင်းက အတန်းအပြင် ထွက်သွားတယ်။ သူထွက်သွားလို့မကြာခင်မှာဘဲ ငါလဲ တေးဆိုထွက်သွားတယ်။ ငါပြန်လာတော့ခင်မြဝင်းဖောင်တိန်ပျောက်တယ် ဆိုပြီး ငါယူတာဖြစ်ရမယ်လို့ ဆရာမကို တိုင်တာပါဘဲကွာ"

"မင်းက ဆရာမကို ရှင်းမပြဘူးလား"

"ရှင်းပြပါတယ်ကွာ၊ ဒါပေမဲ့ ငါက အတန်းထဲမှာ မျက်နှာငယ်ရတဲ့ ဘဝဆိုတော့ စွပ်စွဲခံရတာပေါ့"

အငယ်သည် ကျွန်တော်တို့ အတန်းထဲတွင် စာအတော်ဆုံး ဖြစ်၏။ သို့သော် သူ့အဖေမှာ စက်ထဲမှ ကုလီကြီး ဖြစ်သောကြောင့် မျက်နှာငယ်ရပါသည်။ ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်း အကြောင်းကို ကျွန်တော် ကောင်းကောင်း သိပါသည်။ အငယ်သည် ခိုးတတ်သူ မဟုတ်ပါ။ သို့သော် ယခုကိစ္စတွင် အငယ် မခိုးကြောင်း သက်သေ ပြနိုင်မှသာ အစွပ်စွဲခံဘဝမှ ကင်းလွတ်နိုင် ပါမည်။ အငယ်အတွက် ကျွန်တော်၏ အကောင်းဆုံးလက်ဆောင် အဖြစ် ဤ ဖောင်တိန် ပျောက်မှု အမြန်ဆုံး ပေါ်အောင် စုံစမ်းပေးရန် ဆုံးဖြတ်မိပါသည်။

ညနေတွင် ကျွန်တော်သည် ခင် မောင် ထွေး ထံ သွား ၍ တိုင်ပင်ပါသည်။

"ဖောင်တိန်ပျောက်တဲ့ နေ့က အတန်းထဲမှာ အငယ်အပြင် ဘယ်သူရှိသေးလဲ ဆိုတာ သိရယင် သိပ်ကောင်းမယ်ကွ"

"ဟာ – နေအုံးကွ ကိုကို၊ ငါခုမှ တွေးမိတယ်။ အဲဒီနေ့က အတန်းထဲကို ငါဝင်သွားတော့ မောင်ဝင်းတယောက် အတန်းထဲက ထွက်သွားတာ ငါမြင်လိုက်တယ်။ အဲဒီ အချိန်က အတန်းထဲမှာ ဘယ်သူမှ မရှိကြဘူး"

"မောင်ဝင်းတော့ ဖြစ်နိုင်မယ် မထင်ပါဘူးကွာ။ ဒီကောင်က သူဌေးသားဘဲ"

"ဒီကောင်က လမ်းသူရဲကွ။ ငွေမရှိလို့ ကြံတာဖြစ်နိုင်တယ်။ နောက်ပြီးဒီကောင်က ကျောက်ဒိုးလဲ သိပ်ရိုက်တယ်"

"ဟုတ်ပြီ ခင်မောင်ထွေး၊ မင်းပြောတာ ဖြစ်နိုင်တယ်ကွ။ ဒို့ မောင်ဝင်းရိုက်တဲ့ ကျောက်ဒိုးဝိုင်းကို သွားစုံစမ်းရအောင်"

ကျွန်တော်နှင့် ခင်မောင်ထွေး ကျောက်ဒိုးဝိုင်း အနီးသို့ ရောက်သောအခါ မောင်ဝင်းကို တွေ့ရပါသည်။ ကျွန်တော်တို့ ကြည့်နေစဉ် မောင်ဝင်းမှာ ပွဲတိုင်း ရှုံးသောကြောင့် ထွက်သွားပါသည်။ မောင်ဝင်း ထွက်သွားသောအခါ ကျွန်တော်က ကျောက်ဒိုး ရိုက်သော လူကြီး တယောက်ကို မေးပါသည်။

"ဦးလေး မောင်ဝင်း အမြဲ ရှုံးတာဘဲလား"

"ရှုံး တာ တော့ မပြောနဲ့ တော့ကွာ၊အမြဲရှုံးတာဘဲ။ဒါလဲ မမှတ်ဘူးကွ။ဖောင်တိန်တောင် ပေါင်ရိုက်တယ်"

ကျွန်တော်တို့လည်း ကျောက်ဒိုးဝိုင်းမှ ထွက်ခဲ့ကြပြီး –

"မောင်ဝင်းပေါင်တဲ့ ဖောင်တိန်ဟာ ခင်မြဝင်း ဖောင်တိန် ဖြစ်နိုင်တယ်ကွ"

"ဟုတ်နိုင်တယ်။ အဲဒါ ဒို့ ဘယ်လို စုံစမ်းမလဲကိုကို"

"စုံစမ်းဘို့ကတော့ မလွယ်ပါဘူး။ ဒါပေမဲ့ အကြောင်းစုံကို ဆရာ ဦးဘသွင်ကို ပြောပြမယ်။ နောက်ပြီး ဆရာ့ကို အပေါင်ဆိုင်မှာ စုံစမ်းဘို့ ပြောမယ်ကွာ"

"အေး – ဒီအကြံ ကောင်းတယ်ကွ"

ကျွန်တော် တို့သည် ဆရာ ဦးဘသွင် အိမ် သို့ ဝင် ကာ အကြောင်းစုံ ပြောပြပါသည်။

နောက်တနေ့ နံနက်တွင် အပေါင်ဆိုင်သို့ ဆရာ ဦးဘသွင် သွားရောက် စုံစမ်းသော အခါ ခင်မြဝင်းနာမည်ရေးထားသော ဖောင်တိန်ကို တွေ့ရပါသည်။ မောင်ဝင်းကို ဆရာကြီးက စစ်သော အ ခါ မောင် ဝင်း က ကျောက်ဒိုးရိုက်ရန် ပိုက်ဆံမရှိသဖြင့် ခင်မြဝင်းဖောင်တိန်ကို ခိုးမိကြောင်း ဝန်ခံသည်။

အ ကြောင်း စုံ ရှင်းသွားသောအခါ အငယ်သည် ကျွန် တော်နှင့် ခင်မောင်ထွေးရှိရာသို့ လာ၍ –

"မင်းတို့ကို သိပ်ကျေးဇူး တင်တာဘဲကွာ။မင်းတို့ကြောင့် ငါနာမယ်မပျက်တာ"

"ဒို့ တ တွေ ဟာ သိပ်ခင် တဲ့ သူငယ်ချင်း တွေဘဲ ကွာ။ တယောက်ကိုတယောက် ကူညီ ရမှာပေါ့"

ထိုစဉ် ခင်မြဝင်းက အငယ် အား သူစွပ်စွဲမိသည်ကို စိတ် မဆိုးရန် လာရောက် တောင်း ပန်ပါသည်။ကျန်သောကျောင်း သား များက ကျွန်တော်နှင့် ခင်မောင်ထွေးကို ကျောင်းသား တင်မောင်ဆွေဟု ခေါ်ကြပါ သည်။ ကျောင်းကောင်စီ အ စည်းအဝေးတွင်လည်း ကျွန် တော်တို့အား ကျောင်းသား စုံ ထောက်ကလေးများအဖြစ်ဂုဏ် ပြုပါသည်။ ကျွန်တော်၏စိတ်ထဲ တွင်မူ အငယ်တယောက် အစွပ် စွဲခံ မျက်နှာငယ်ဘဝမှ လွတ် ကင်းရခြင်းကိုပင် ဝမ်းသာမဆုံး ဖြစ်နေမိပါသည်။

## ဗိုလ်မင်းရောင်

အရေးကြီးယင်
သွေးစည်းကြကွဲ၊
ရှေးနည်းအရမြန်တိုင်းဘောင်။

ညီညီညာညာ ပြုလုပ်မနေး၊
စုကာဝေးကြ
မြင်းမဏီတောင်။

နယ်ခွဲကုလားဖြူ
ခေါင်းလျှင်ဖြုတ်လို့၊
မောင်းနှင်ထုတ်စို့ ညီကြမောင်။

သူ့ကျွန်မခံ အလံမလှဲပ၊
အားမာန်ခဲလို့
ကြိုးအားနှောင်။

သမိုင်းရာဇဝင် ဂုဏ်သတင်းမှာ၊
ထုံးပွဲသင်းခဲ့ တို့ခေါင်းဆောင်။

ဗိုလ်မင်းရောင် ရွှေလရောင်။

မောင်လှ(ကျောက်





ယနေ့ကမ္ဘာတွင် အမြင့်ဆုံးတိရစ္ဆာန် ဖြစ်သည်။ အချို့သစ်ကုလားအုပ်များသည် ၁၈ ပေမကမြင့်မားကြသည်။ သို့သော် ယင်း၏ လည်ပင်းရိုးမှာ အခြား နို့တိုက်သတ္တဝါများ နည်းတူ အရိုးဆစ်ခုနစ်ဆစ်သာ ရှိသည်။ မွေးကင်းစ သစ်ကုလားအုပ်ကလေးများသည်ပင် ခြောက်ပေခန့် မြင့်မားကြသည်။

သစ်ကုလားအုပ်များသည် လည်ပင်းရှည်၍ အရပ်မြင့်ကြသဖြင့် သစ်ပင်ထိပ်များမှ အရွက်များကို လှမ်း၍ ကိုက်ဖြတ် စားသောက်နိုင်သည်။ မြေပြင်တွင် ပေါက်လျက်ရှိသော မြက်များကိုလည်း အလွယ်တကူ ကိုက်ဖြတ် စားသောက်နိုင်သည်။ ကြီးမားပြူးကျယ်သော မျက်လုံးများရှိခြင်းကြောင့် အဝေးမှ အန္တရာယ်ကိုကြိုတင်မြင်နိုင်စွမ်းသည်။ ကြီးမားသော နားရွက်များကြောင့် နားကြား ပါးလိမ့်မည်ဟု ယူဆရသည်။

ကိုယ်လုံးကိုယ်ထည်ကြီးမားသော်လည်း သစ်ပင်များအကြားတွင် ရောက်နေပါက ရုတ်တရက်မြင်ရန်မလွယ်ပေ။ သစ်ကုလားအုပ်များ၏ရန်သူကား ခြင်္သေ့များပင်ဖြစ်သည်။ တကောင်ချင်းဖြစ်လျှင် ခုခံကာကွယ်နိုင်သော်လည်း ခြင်္သေ့များ အုပ်စုဖွဲ့၍ စုပေါင်းတိုက်ခိုက်လျှင် ခုခံရန်မလွယ်ပေ။

သစ်ကုလားအုပ်၏ နားရွက်များအကြားတွင် ဦးချိုငယ်များပေါက်လျက်ရှိသည်။ ယင်းဦးချိုများမှာ အမွေးများ ဖုံးအုပ်လျက်ရှိပြီး များစွာ အသုံးမဝင်လှပေ။

တကြိမ်လျှင် သားငယ်တကောင်သာ ပေါက်ဖွားသည်။ သားငယ်သည် မွေးပြီး တနာရီအတွင်း လမ်းလျှောက်နိုင်သည်။ နှစ်ရက် သုံးရက်ကြာလျှင် ကောင်းစွာ ပြေးလွှားနိုင်သည်။

ခြေထောက်များတွင် ခွာများရှိပြီး လျင်မြန်စွာ ပြေးလွှားနိုင်သည်။ အမွေးအရောင်မှာ အညိုရောင်ဖြစ်ပြီး ညိုညာသော ဖြူဖြော့ဖြော့အကွက်များရှိသည်။

အာဖရိကတိုက် တိရစ္ဆာန်သက်သက်ဖြစ်ပြီး၊ ခြောက်သွေ့သော မြက်ခင်းလွင်ပြင်များတွင် ကျက်စားကြ[illegible]၏။ အသံပြုလေ့ပြုထမရှိသဖြင့် လုံးဝအသံမပြုနိုင်ဟု ယူဆကြ[illegible]လည်း၊ တခါတရံ ကျယ်လောင်စွာ အသံပြုနိုင်ကြောင်း သိရှိ[illegible]သည်။

# သစ်ကုလားအုပ်

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ အရ တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/